AUSTRALIAN CENTRE FOR INTERNATIONAL JUSTICE

JUSTICE FOR MYANMAR

#STOP ADANI

# မြန်မာနိုင်ငံက စစ်တပ်နဲ့ဆက်စပ်တဲ့ စီးပွားရေးလုပ်ငန်းတွေကနေ တာဝန်သိသိနုတ်ထွက်ဖို့ Adani Group ကို ACIJ, JFM နဲ့ Stop Adani တို့က တိုက်တွန်းကြောင်း ပူးတွဲမီဒီယာထုတ်ပြန်ချက်

**၂၀၂၃ ခုနှစ်၊ မေလ၊ ၄ ရက်**

ဩစတြေးလျ၊ ကနေဒါ၊ အီးယူ၊ ယူကေနဲ့ အမေရိကန်ပြည်ထောင်စုတို့က ဒဏ်ခတ်ပိတ်ဆို့မှုတွေ ချမှတ်ထားတဲ့ စစ်တပ်စီးပွားရေးလုပ်ငန်းစုကြီး မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (MEC) ကို အခွန်ငွေပေးပြီး တန်ဖိုးကြီးတဲ့ အနာဂတ်ပိုင်ဆိုင်မှုတွေပေးမယ့် အလုံနိုင်ငံတကာဆိပ်ကမ်း အမှတ် (၂) ကို ဆက်လက်လုပ်ဆောင်နေတဲ့ Adani Ports & Special Economic Zone Limited (Adani Ports) ကို Australian Center for International Justice (ACIJ)၊ Justice For Myanmar နဲ့ Stop Adani တို့က ရှုတ်ချပါတယ်။

ဒီစီမံကိန်းကနေ နုတ်ထွက်မယ့်အကြောင်း ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှာ ကြေညာပြီး နောက်ပိုင်း Adani Ports က ဆိပ်ကမ်းဖော်ဆောင်ရေးနဲ့ နောက်ဆုံးမှာ MEC ကို အကျိုးဖြစ်စေမယ့် တန်ဖိုးကြီး ကရိန်းတွေ ဝယ်ယူဖို့အတွက် ဒေါ်လာသန်းပေါင်းများစွာကို ထည့်ဝင်သုံးစွဲထားပါတယ်။

နုတ်ထွက်မယ်လို့ ကြေညာပြီးနောက်ပိုင်း Adani Ports ရဲ့ ရန်ကုန်ဆိပ်ကမ်းဖော်ဆောင်မှု အသေးစိတ်အချက်အလက်တွေကို Justice For Myanmar က စုံစမ်းရေးသားမှုတစ်ရပ် မှာ ဖော်ထုတ်ထားပါတယ်။

ဒါ့အပြင် ပေါက်ကြားလာတဲ့ စာရွက်စာတမ်းတွေထဲက အထောက်အထားအသစ်တွေမှာ မြန်မာစစ်တပ် ရဲ့ တရားမဝင်အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း Adani Power Limited က မြန်မာနိုင်ငံ၊ စစ်ကိုင်းတိုင်းကနေ အိန္ဒိယနိုင်ငံကို ကျောက်မီးသွေးတင်ပို့ဖို့နဲ့ မြန်မာနိုင်ငံအတွင်း ကျောက်မီးသွေး တူးဖော်ရေး စီမံကိန်းတွေမှာ အကျိုးတူပူးပေါင်းဆောင်ရွက်ဖို့အတွက် စိတ်ဝင်စားမှုအဆိုပြုလွှာတစ်စောင်ကို အမေရိကန်ပြည်ထောင်စုက ဒဏ်ခတ်ပိတ်ဆို့မှုချမှတ်ထားတဲ့ စစ်အုပ်စုဝန်ကြီးဆီ တင်သွင်းခဲ့ပါတယ်။ အဲ့ဒီအချိန်မှာ စစ်အုပ်စုဟာ Adani ကုမ္ပဏီ ကျောက်မီးသွေးဝယ်ယူဖို့ ကြိုးပမ်းနေတဲ့ဒေသက မြန်မာပြည်သူတွေအပေါ် အကြမ်းဖက်စစ်ဆင်ရေးတစ်ရပ်ကို ဆင်နွှဲနေတာပါ။ စစ်ကိုင်းတိုင်းနဲ့ မြန်မာနိုင်ငံ

တဝန်းက မြန်မာပြည်သူတွေအပေါ် စစ်အုပ်စုရဲ့ တိုက်ခိုက်မှုတွေက ဒီနေ့အချိန်အထိ ဆက်လက်ရှိနေပြီး၊ အဲ့ဒီတိုက်ခိုက်မှုတွေက စစ်ရာဇဝတ်မှုနဲ့ လူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှုမြောက်တဲ့ အတိုင်းအတာပဲ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ရက်သတ္တပတ်က စစ်ကိုင်းတိုင်း၊ ပဇီကြီးကျေးရွာမှာ စုဝေးနေကြတဲ့ ပြည်သူတွေကို စစ်အုပ်စု က တုန်လှုပ်စက်ဆုပ်ဖွယ်ရာ လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ပြီး၊ ကလေးသူငယ်များစွာ အပါအဝင် လူပေါင်း ၁၇၀ ကျော်ကို အစုအပြုံလိုက် သတ်ဖြတ်ခဲ့ပါတယ်။ သေဆုံးသူတွေထဲမှာ အသက်အငယ်ဆုံး ၆ လ သားကလေးတောင် ပါဝင်ပါတယ်။

Justice For Myanmar က ထုတ်ပြန်ခဲ့တဲ့ ပေါက်ကြားလာတဲ့ စာရွက်စာတမ်းတွေကလည်း Adani Ports က MEC ကို ၂၀၁၉ ခုနှစ်အတွင်း ပေးချေခဲ့တဲ့ "မြေရှင်းလင်းခ" အမေရိကန်ဒေါ်လာ ၂၂ သန်း ပေးချေခဲ့တယ်လို့ ပြသနေပြီး၊ ဒီပေးချေမှုရဲ့ ကျင့်ဝတ်ပိုင်းဆိုင်ရာ မှန်ကန်မှုရှိမရှိ စိုးရိမ်မှုတွေ မြင့်တက်စေပါတယ်။ အဲ့ဒီငွေပေးချေမှုရဲ့ အသေးစိတ်အချက်အလက်တွေကို ACIJ နဲ့ Justice For Myanmar တို့က ၂၀၂၁ ခုနှစ်မှာ ပထမဆုံး ရေးသားထုတ်ပြန်ခဲ့ပြီး၊ အခုအခါ မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ပေါက်ကြားလာတဲ့ သက်သေအထောက်အထားတွေနဲ့ အတည်ပြုပေးခဲ့ပါတယ်။ ဒီငွေပေးချေမှုက သတ်မှတ်စံနှုန်းနဲ့ ကိုက်ညီခြင်းမရှိဘဲ၊ သိသိသာသာ ဖောင်းပွမှုများပြားနေပြီး၊ ဒါဟာ လာဘ်ထိုး ငွေပေးချေမှု ဖြစ်နိုင်ပါတယ်။ မြေရှင်းလင်းခအတွက် ပေးချေမှုအပါအဝင် MEC ကို ပေးချေမှုတွေအတွက် Adani Posts ကို လွတ်လပ်တဲ့ စုံစမ်းစစ်ဆေးမှု ပြုလုပ်သင့်ပါတယ်။

အလုံနိုင်ငံတကာဆိပ်ကမ်း အမှတ် (၂) စီမံကိန်းဟာ တည်ဆောက်-လည်ပတ်-လွှဲပြောင်း (ဘီအိုတီ) သဘောတူညီမှုနဲ့ MEC နဲ့ ပူးပေါင်းဆောင်ရွက်မှုဖြစ်ပြီး၊ ကုလသမဂ္ဂက သတိပေးခဲ့တဲ့အတိုင်း Adani Ports ကို မြန်မာစစ်တပ်က ကျူးလွန်လျက်ရှိတဲ့ ရက်စက်ကြမ်းကြုတ်တဲ့ ရာဇဝတ်မှုတွေမှာ ကြံရာပါ ပတ်သက်စေပါတယ်။ Adani Ports နဲ့ MEC တို့ရဲ့ သဘောတူညီမှုက ရိုဟင်ဂျာတွေအပေါ် မြန်မာစစ်တပ်ရဲ့ ၂၀၁၇ ခုနှစ် လူမျိုးတုန်းသတ်ဖြတ်မှုစစ်ဆင်ရေးပြီးနောက် လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး၊ ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေးမစ်ရှင်က မြန်မာစစ်တပ်ရဲ့ စီးပွားရေးလုပ်ငန်းတွေအကြောင်း ရေးသားခဲ့တဲ့ သူတို့ရဲ့ အစီရင်ခံစာ မှာ ဒီဆိပ်ကမ်းစီမံကိန်းကိုလည်း သတ်မှတ်ဖော်ပြခဲ့ပါတယ်။ အဲ့ဒီအစီရင်ခံစာမှာ မြန်မာစစ်တပ်၊ သူရဲ့ စီးပွားရေးလုပ်ငန်းစုကြီးတွေနဲ့ ဆက်နွယ်မှုတွေကို ဖြတ်တောက်ဖို့ စီးပွားရေးလုပ်ငန်းအားလုံးကို တောင်းဆိုခဲ့ပါတယ်။

- ၂၀၂၁ ခုနှစ်၊ မတ်လမှာ ACIJ နဲ့ Justice For Myanmar တို့က မြန်မာနိုင်ငံရှိ Adani Ports ရဲ့ စီးပွားရေးလုပ်ငန်းအကြောင်း ရေးသားထားတဲ့ အစီရင်ခံစာ **Port of Complicity "ကြံရာပါ ဆိပ်ကမ်း"** ကို ထုတ်ဝေခဲ့ပါတယ်။ အစီရင်ခံစာမှာ MEC ကို ငွေပေးချေမှုရဲ့ သက်သေအထောက်အထားသစ်တွေ၊ စစ်ရာဇဝတ်ကောင် မင်းအောင်လှိုင်နဲ့ ကုမ္ပဏီတို့ကြား တိုက်ရိုက်ဆက်ဆံရေးတွေအကြောင်း ပါဝင်ခဲ့ပြီး၊ ရင်းနှီးမြှုပ်နှံသူတွေအပေါ် ဖိအားတွေ တိုးမြင့် လာစေခဲ့ပါတယ်။ Adani Ports ရဲ့ ကနဦးတုန့်ပြန်ချက်မှာ MEC နဲ့ သူတို့ကြား စီးပွားရေး ပတ်သက်ဆက်နွယ်မှု ရှင်းလင်းတဲ့ သက်သေအထောက်အထားတွေကို ငြင်းဆိုခဲ့ပါတယ်။

- ၂၀၂၁ ခုနှစ်၊ ဇွန်လမှာ Adani Ports က သူတို့အနေနဲ့ MEC ကို အမေရိကန်ဒေါ်လာ သန်း ၉၀ ပေးချေထားကြောင်း ထုတ်ပြန်ခဲ့ပါတယ်။

- ၂၀၂၁ ခုနှစ်၊ ဩဂုတ်လမှာ ACIJ နဲ့ JFM တို့က အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနထံ စာရေးသားပေးပို့ပြီး MEC အပေါ် အမေရိကန်ပြည်ထောင်စုရဲ့ ဒဏ်ခတ်ပိတ်ဆို့မှုတွေမှ ကင်းလွတ်ခွင့်ရရှိဖို့ Adani Ports ရဲ့ အထွေထွေလိုင်စင်လျှောက်ထားမှုကို ငြင်းပယ်သွားဖို့ တိုက်တွန်းတောင်းဆိုခဲ့ပါတယ်။

- ၂၀၂၂ ခုနှစ်၊ မေလမှာ Adani Ports က ၎င်းတို့အနေဖြင့် "စီမံကိန်းပြီးမြောက်သည့် အခြေအနေတွင်" နှစ်ဦးသဘောတူရှယ်ယာရောင်းချမှုသဘောတူစာချုပ် ကို လက်မှတ်ရေးထိုးပြီး ဖြစ်ကြောင်း ကြေညာခဲ့ပြီး၊ ကုမ္ပဏီအနေဖြင့် ၎င်း၏ ရင်းနှီးမြှုပ်နှံမှုများကို အပြည့်အဝ ပြန်လည် ရရှိရန် သေချာကြောင်း ဖော်ပြထားပါတယ်။ Adani Ports က ဝယ်ယူသူရဲ့ အချက်အလက်တွေကို ထုတ်ဖော်ပြောကြားရန် ငြင်းဆိုခဲ့ပါတယ်။

မြန်မာနိုင်ငံနဲ့ ဩစတြေးလျနိုင်ငံတို့မှာရှိတဲ့ Adani Ports ရဲ့ စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုတွေက ကုမ္ပဏီရဲ့ဂုဏ်သိက္ခာကို ဆိုးဆိုးရွားရွား ထိခိုက်စေခဲ့ပါတယ်။ Adani Ports ရဲ့ မြန်မာနိုင်ငံက ဆိပ်ကမ်းစီမံကိန်း၊ ဩစတြေးလျနိုင်ငံက Adani ကာမိုက်ကယ်ကျောက်မီးသွေးစီမံကိန်းတို့ လုပ်ဆောင်မှုတွေကို လူ့အခွင့်အရေးနဲ့ သဘာဝပတ်ဝန်းကျင်လှုပ်ရှားသူအဖွဲ့တွေက ပြန်လည်သုံးသပ်ပေးဖို့ အမှုတွဲတစ်ခု တင်သွင်းခဲ့ပြီးနောက် ၂၀၂၁ ခုနှစ်၊ ဧပြီလမှာ Adani Portsကို Dow Jones Sustainability Index ကနေဖယ်ရှားခဲ့ပါတယ်။ Adani Ports ကုမ္ပဏီက Bowen Rail Company ကို တည်ထောင်ခဲ့ပြီး၊ အဲ့ဒီကုမ္ပဏီက Adani ရဲ့ ကျောက်မီးသွေးတွင်းက ရရှိတဲ့ ကျောက်မီးသွေးတွေကို Great Barrier Reef ရှိ Adani ရဲ့ ကျောက်မီးသွေးဆိပ်ကမ်း North Queensland Export Terminal ဆီ မကြာမီစတင်ပို့ဆောင်တော့မှာ

ဖြစ်ပါတယ်။ အဲ့ဒီ Terminal ကို Adani Ports က ကြီးကြပ်လုပ်ကိုင်တယ်။ သဘာဝပတ်ဝန်းကျင်နဲ့ လူ့အခွင့်အရေးဆိုင်ရာ စိုးရိမ်ချက်တွေကြောင့် ရင်းနှီးမြှုပ်နှံသူတွေက ကုမ္ပဏီကို ဆက်ပြီး ဖယ်ကြဉ်ထားကြပါတယ်။

၂၀၂၂ ခုနှစ်၊ မတ်လမှာ နော်ဝေနိုင်ငံရဲ့ အချုပ်အခြာရန်ပုံငွေဖြစ်တဲ့ Norges Bank Investment Management (NBIM) က Adani Ports ကို သူတို့ စောင့်ကြည့်ရမယ့်စာရင်းမှာ ထည့်သွင်းခဲ့ပြီး၊ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလမှာတော့ အဲ့ဒီကုမ္ပဏီနဲ့တခြား Adani Group ကုမ္ပဏီတွေရဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို ရုပ်သိမ်းလိုက်ပြီး အလုံးစုံဖယ်ရှားလိုက်ပါတယ်။ တခြားရင်းနှီးမြှုပ်နှံသူတွေ အနေနဲ့လည်း အဲ့လိုမျိုး လိုက်နာ လုပ်ဆောင်သင့်ပါတယ်။

**Justice For Myanmar ရဲ့ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က**

"Adani Ports က နိုင်ငံတကာရာဇဝတ်မှုတွေမှာ ပါဝင်ပတ်သက်နေတဲ့ ပုန်းလျှိုးဝှက်လျှိုး အကျင့်ပျက်ခြစားနေတဲ့ စစ်တပ်စီးပွားရေးလုပ်ငန်းစုကြီးတစ်ခုအတွက် ငွေကြေးရှာဖွေပေးနေတာဖြစ်ပြီး၊ မြန်မာစစ်တပ်နဲ့ စီးပွားရေး လုပ်ဆောင်ရာမှာ အစမှာကတည်းက ရိုးသားမှုမရှိခဲ့ပါဘူး။

သူတို့မူလကြေညာထားတဲ့အတိုင်း ၂၀၂၁-၂၂ ဘဏ္ဍာရေးနှစ်အကုန်မှာထွက်ခွာရမယ့်အစား Adani Ports က မြန်မာပြည်သူတွေနဲ့ သူတို့ရဲ့ရင်းနှီးမြှုပ်နှံသူတွေကို မရိုးမဖြောင့်လှည့်စားခဲ့ပြီး ဝယ်ယူသူအကြောင်း ထုတ်ပြန်ဖို့ ငြင်းဆိုခဲ့ရုံတင်မကပဲ မြန်မာစစ်တပ်က ပြည်သူတွေအပေါ် အကြမ်းဖက်စစ်ဆင်နေချိန်မှာ မြန်မာစစ်တပ်အတွက် အကျိုးအမြတ်များမယ့် ဘဏ္ဍာရေးနဲ့ ထောက်ပံ့ပို့ဆောင်ရေးပိုင်ဆိုင်မှုလုပ်ငန်းတစ်ရပ်ကို ဆက်ပြီးဖော်ဆောင်နေတာ ဖြစ်ပါတယ်။

စစ်အုပ်စုဆီက ကျောက်မီးသွေးဝယ်ယူဖို့ Adani Power ရဲ့ ကြိုးပမ်းမှုဟာ အကောင်အထည်ပေါ် ခဲ့ရင် လုပ်ပိုင်ခွင့် အလွဲသုံးစား လိမ်လည်မှုမြောက်နိုင်ပြီး၊ စစ်အုပ်စုကျူးလွန်နေတဲ့ စစ်ရာဇဝတ်မှုတွေနဲ့ လူသားမျိုးနွယ်အပေါ် ကျူးလွန် တဲ့ရာဇဝတ်မှုတွေအတွက် ငွေကြေးကူညီထောက်ပံ့မှာ ဖြစ်ပါတယ်။

Adani Ports က စစ်အုပ်စုရဲ့ ရက်စက်ကြမ်းကြုတ်တဲ့ ရာဇဝတ်မှုတွေမှာ ကြံရာပါ ပတ်သက်နေပြီး၊ သိသာထင်ရှားတဲ့လာဘ်ထိုးငွေပေးချေမှုတွေလုပ်ဆောင်နိုင်အောင် အိန္ဒိယအစိုးရက ကူညီပေးခဲ့တာ ဖြစ်ပါတယ်။ အိန္ဒိယအစိုးရက သူတို့ရဲ့ နိုင်ငံတကာတာဝန်တွေကို ပြောင်ပြောင်တင်းတင်း လျစ်လျူရှုပြီး စီးပွားရေးလုပ်ငန်းတွေနဲ့ လက်နက်ရောင်းချမှုတွေကို လုပ်ဆောင်ခဲ့ပါတယ်။ အိန္ဒိယ အနေနဲ့ ဒီလမ်းစဉ်ကို

ပြောင်းလဲသင့်ပြီး၊ မြန်မာပြည်သူတွေနဲ့အတူ ရပ်တည်သင့်ပါတယ်။ ပစ်မှတ်ထား ဒဏ်ခတ် ပိတ်ဆို့မှုတွေနဲ့ စစ်အုပ်စုအပေါ် စစ်လက်နက်ရောင်းချမှုပိတ်ပင်ရေးတစ်ရပ်ကို ပြဌာန်းသင့်ပါတယ်” လို့ ပြောကြားခဲ့ပါတယ်။

**Australian Centre for International Justice ၏ အမှုဆောင်ဒါရိုက်တာဖြစ်သူ Rawan Arraf က**

“Adani Ports က အများပြည်သူတွေ၊ ရင်းနှီးမြှုပ်နှံသူတွေ၊ ချေးငွေပေးအပ်သူတွေ၊ လူ့အခွင့်အရေး အသိုင်းအဝိုင်း၊ အထူးသဖြင့် မြန်မာနိုင်ငံကထွက်ခွာမှာဖြစ်တယ်ဆိုတဲ့ Adani ရဲ့ ကြေညာချက် သတင်းတွေကို ကြိုဆိုခဲ့ကြတဲ့ မြန်မာပြည်သူတွေနဲ့ သူတို့ကို ထောက်ခံသူတွေအပေါ် မရိုးမဖြောင့်စွာနဲ့ လိမ်လည်လှည့်စားခဲ့တာ ဖြစ်ပါတယ်။

Adani က MEC နဲ့ ရာဇဝတ်အဖွဲ့အစည်း စစ်အုပ်စုရဲ့ လက်ထဲမှာ ပိုင်ဆိုင်မှုပစ္စည်းအဖြစ် ကျန်ခဲ့မယ့် ရန်ကုန်ဆိပ်ကမ်းကို ရောင်းချနိုင်ဖို့အတွက် တည်ဆောက်ရေးလုပ်ငန်းကို ဆက်ပြီး လုပ်ဆောင်ခဲ့တာ ဖြစ်ပါတယ်။

ဒီလိုမရိုးဖြောင့်တဲ့ အပြုအမူတွေကို ဆန့်ကျင်ရှုတ်ချရမှာဖြစ်သလို ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ တာဝန်သိတဲ့ လုပ်ဆောင်ချက်တွေ လုပ်ဆောင်ဖို့နဲ့ Adani Ports ကနေ ရင်းနှီးမြှုပ်နှံမှုတွေ အပြီးတိုင် ရုတ်သိမ်းဖို့ တောင်းဆိုပါတယ်။

ဩစတြေးလျနိုင်ငံရဲ့ အစိုးရတွေဟာ အမြတ်အစွန်းကိုသာ ဦးစားပေးပြီး ရာသီဥတု ဆိုးဆိုးရွားရွား ပျက်ပြားထိခိုက်စေတဲ့ လုပ်ငန်းလိုင်စင်တွေပေးထားတဲ့အတွက် Adani Group က ပိုပြီး ရဲတင်း လာခဲ့တာ ဖြစ်ပြီး Adani Group ရဲ့ စစ်အုပ်စုနဲ့ မရှင်းလင်းတဲ့ စီးပွားရေးလုပ်ဆောင်မှုတွေ အပေါ်မှာလည်း အရေးယူ ဆောင်ရွက်ဖို့ ပျက်ကွက်ခဲ့ပါတယ်။ Future Fund လိုမျိုး အချုပ်အခြာပိုင် ဓနရန်ပုံငွေအဖွဲ့အစည်းတွေရဲ့ လုပ်ရပ်တွေကလည်း သူတို့ရဲ့ လူ့အခွင့်အရေးတာဝန်တွေကို လုံးဝ အလေးမထားကြောင်း ပြောင်ပြောင် တင်းတင်း ပြသခဲ့ပြီးဖြစ်ပါတယ်။ သူတို့အနေနဲ့ Norges Bank ရဲ့ ဦးဆောင်မှုအတိုင်း လိုက်နာလုပ်ဆောင် သင့်ပြီး၊ Adani ကို အလုံးစုံ ငြင်းပယ်စွန့်ပစ်သင့်ပါတယ်။

လူ့အခွင့်အရေးချိုးဖောက်မှုတွေနဲ့ နိုင်ငံတကာရာဇဝတ်မှုတွေမှာ အဲ့ဒီကြံရာပါပတ်သက်မှုတွေ အတွက် အပြည့်အဝ တာဝန်ယူ တာဝန်ခံစေရမှာ ဖြစ်ပါတယ်”လို့ ပြောကြားခဲ့ပါတယ်။

**#StopAdani Campaign မှာ တက်ကြွလှုပ်ရှားသူ Fahimah Badrulhisham က**

“မကြာသေးခင်က အမေရိကန်စတော့ရောင်းချသူ ကုမ္ပဏီ Hindenburg က Adani Group ရဲ့ စာရင်းအင်းလိမ်လည်မှု၊ စတော့စျေးကစားမှုနဲ့ ငွေကြေးခဝါချမှုတွေကို ဖော်ထုတ်ခဲ့ပါတယ်။

Adani Group အနေနဲ့ Adani ကုမ္ပဏီတစ်ခုခုမှာ ရင်းနှီးမြှုပ်နှံမှုမှန်သမျှကို သူတို့ရဲ့ ညစ်ညမ်းတဲ့ ကျောက်မီးသွေးစီမံကိန်းတွေ၊ မြန်မာစစ်တပ်နဲ့ သူတို့ရဲ့ စီးပွားရေးလုပ်ငန်းတွေဆီကိုပဲ ရောက်ရှိပြီး ငွေကြေးထောက်ပံ့နိုင်ဖို့ သူတို့ရဲ့ ကြီးမားကျယ်ပြန့်တဲ့ ကော်ပိုရိတ်အင်ပါယာ အဝန်းအဝိုင်းအတွင်း ငွေကြေးရွှေ့ပြောင်းပုံကို Hindenburg က မီးမောင်းထိုး ပြသခဲ့ပါတယ်။

Blackrock နဲ့ Barclays တို့လို Adani ရဲ့ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ နောက်ပိုင်း မြန်မာစစ်တပ်ရဲ့ ငြိမ်းချမ်းစွာဆန္ဒပြသူတွေအပေါ် အစုအပြုံလိုက် သတ်ဖြတ်မှုတွေ၊ အရပ်ဘက်-စစ်ဘက်မခွဲခြားတဲ့ လေကြောင်းတိုက်ခိုက်မှုတွေနဲ့ ဗုံးကြဲတိုက်ခိုက်မှုတွေ၊ ညှဉ်းပမ်း နှိပ်စက်မှုတွေနဲ့ လူပေါင်း ၁.၆ သန်းကျော်ကို အဓမ္မရွှေ့ပြောင်းစေမှုတွေအတွက် ငွေကြေးထောက်ပံ့ နေတဲ့ Adani နဲ့ သူရဲ့ ကျင့်ဝတ်မဲ့ စီးပွားရေးလုပ်ငန်းတွေအပေါ် လူ့အခွင့်အရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရမယ့် ပြဋ္ဌာန်းချက်တွေကို မဖြစ်မနေ လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

Blackrock နဲ့ Barclays တို့အနေနဲ့ မြန်မာပြည်သူတွေနဲ့ အတူရပ်တည်သင့်ပါတယ်။ လူ့အခွင့်အရေးအတွက် ရပ်တည်သင့်ပြီး Adani Group ကနေ သူတို့ရဲ့ ငွေတွေကို ချက်ချင်းထုတ်ယူသင့်ပါတယ်” လို့ ပြောကြားခဲ့ပါတယ်။

**မီဒီယာများ ဆက်သွယ်ရန်**

Australian Centre for International Justice: Rawan Arraf: +61 (0)450 708 870

Justice For Myanmar: Yadanar Maung: media@justiceformyanmar.org

Stop Adani: Fahimah Badrulhisham : media@stopadani.org , 0423 317 595